၁ ၉ ၉ ၁ ခု နှစ် တွင် တည် ထောင် သည်။

# မြို့တော်သတင်း

The CITY NEWS

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်၊ သောကြာနေ့။ အတွဲ (၃၄)၊ အမှတ် (၁၄၄) FRI, 11 April, 2025

**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ် (ဓမ္မပဒ-၈၆)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ မင်္ဂလာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ဆောင်မှုအားလုံး

စာ - ၄ သို့



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း အမှာစကားပြောကြားစဉ်။

# ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိ



**ရန်ကုန် ဧပြီ ၁၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ငလျင်ဒဏ်သင့် ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် Aerostan လေကြောင်းလိုင်းမှ လေယာဉ်သည် ယမန်နေ့ နံနက် ၅ နာရီ ၅၀ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ပြီး အဆိုပါလေယာဉ်တွင် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့် ဒေသများအတွက် လှူဒါန်းသည့် ဆေးဝါးများနှင့် ယာယီတဲများ စုစုပေါင်း ၆၅ ထုပ်၊ ၂၄၈၆၀ kg ကို တင်ဆောင်၍ ရောက်ရှိလာသည်။

စာ - ၅ သို့

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း ကူညီကယ်ဆယ်ရေးအဖွဲ့အား အမှတ်တရလက်ဆောင် ပေးအပ်စဉ်။

**နှစ်သစ်ကူး ရုံးပိတ်ရက်များတွင် မြို့တော်သတင်း နားပါမည်**

**ရန်ကုန် ဧပြီ ၁၁**

မြန်မာနှစ်သစ်ကူး ရုံးပိတ်ရက် ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်များတွင် မြို့တော်သတင်း နားပါမည်။

**(မြို့တော်သတင်း)**

မြို့တော်သတင်း The CITY NEWS

# အယ်ဒီတာ့အာဘော်

၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်

၁၁ - ၄ - ၂၀၂၅

## ယမကာသုံးစွဲမှု လျော့နည်းရေးကြိုးပမ်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်တမ်းများအရ ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၂၀၀ ကျော်သည် အရက်ကိုစွဲစွဲမြဲမြဲ သောက်သုံးကြောင်းနှင့် သန်း ၈၀ နီးပါးမှာ အရက်ယမကာကြောင့်ဖြစ်သော ဝေဒနာများ ခံစားနေရသည်ဟု လေ့လာတွေ့ရှိချက်ကို ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုကို လျော့နည်းစေနိုင်ရေးအတွက် ပညာပေးမြှင့်တင်ခြင်းများကို ကျန်းမာရေးဝန်ကြီးဌာနက အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နေထိုင်မှု ပုံစံပြောင်းလဲမှုကို အကြောင်းအမျိုးမျိုးပြပြီး အရက်သောက်သုံးသူများ ပိုမိုများပြားလာ၏။ အသက်ငယ်ရွယ်သူများအပြင် မိန်းကလေးများလည်း သောက်သုံးလာကြသည့်အတွက် ယမကာအန္တရာယ်သည် တစ်နေ့တခြား ကြီးမားလာသည်။

ယမကာအရက်ကို မသောက်ရမနေနိုင်သည့် အရက်စွဲရောဂါခံစားနေရသူများတွင် အရက်အဆိပ်ကြောင့် ခန္ဓာကိုယ်ထဲရှိ အင်္ဂါအစိတ်အပိုင်းများပျက်စီးရပြီး နောက်ဆက်တွဲရောဂါပေါင်းစုံရရှိကာ အသည်းခြောက်ရောဂါခံစားရပြီး အသက်အန္တရာယ်ဖြစ်စေသည်။

ပြည်သူတစ်ရပ်လုံး၏ ကျန်းမာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ယဉ်ကျေးမှုနှင့်ဖီလာဆန့်ကျင်သော အရက်ယမကာသောက်သုံးမှုလျော့နည်းကျဆင်းပြီး ကျန်းမာကြံ့ခိုင်သော လူမျိုးဖြစ်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အရက်ယမကာသောက်သုံးမှုလျော့နည်းစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်နေ့မှ နှောင်းတန်ခူးလပြည့်ကျော် ၄ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်သည်။ ဤအခါသမယတွင် မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်းပြုရဟန်းခံ အလှူမင်္ဂလာများ ကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာ မဟာသင်္ကြန်ကို လေးစားတန်ဖိုးထားမှု လျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြော၊ အဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်းလိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက နှိုးဆော်ချက်ထုတ်ပြန်ထားသည်။

အရက်ယမကာသည် လူတို့ကို ကျန်းမာရေးထိခိုက်စေခြင်းနှင့် ကိုယ်ကျင့်သိက္ခာနှင့်ပြစ်မှုကျူးလွန်မှုများကို အလွယ်အကူဆုံး၊ အလျင်အမြန်ဆုံး ဖြစ်ပေါ်စေနိုင်သောကြောင့် အရက်အန္တရာယ်ကို ဝိုင်းဝန်းကာကွယ်စေချင်ကြောင်း။ ။

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ကျောက်ကပ်ဆေးသွင်းရန်လိုသော လူနာများအား သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ အလှူငွေများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် ဧပြီ ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ သဃ်န်းကျွန်းခရိုင်စီစဉ်မှုဖြင့် ဧပြီ ၉ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ကျောက်ကပ်ဆေးသွင်းရန်လိုသော လူနာများအား သဃ်န်းကျွန်းခရိုင်နှင့်မြို့နယ်များမှ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များက အလှူငွေများ ထောက်ပံ့လှူဒါန်းပေးအပ်သည်။

ထိုကဲ့သို့ လှူဒါန်းရာတွင် သဃ်န်းကျွန်းခရိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်စည်သူနှင့်အလုပ်အမှုဆောင်များ၊ ခရိုင်အတွင်းရှိ မြို့နယ်များက ဥက္ကဋ္ဌများနှင့်အလုပ်အမှုဆောင်များက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် ကျောက်ကပ်ဆေးသွင်းရန်လိုသောလူနာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် လူနာ ၃၅ ဦးအတွက် လှူဒါန်းငွေကျပ် ၃၅ သိန်းတိတိကို လူနာရှင်များလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။




**နိုင်လင်းအောင်(မြန်/ဆက်)**

## မန္တလေးငလျင်ကြီးဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကင်းထောက်အသင်းမှ ကင်းထောက်မောင်မယ်ကြီးငယ်များ ကျပ်သိန်း ၃၀ လှူဒါန်း



**ရန်ကုန် ဧပြီ ၁၁**

မတ်၂၈ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ဘေးသင့်ပြည်သူများအတွက် လိုအပ်သည့်ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူရှင်များက လှူဒါန်းလျက်ရှိသည်။

ဧပြီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကင်းထောက်အသင်းမှ ကင်းထောက်မောင်မယ်ကြီးငယ်များ စုပေါင်းသည့် အလှူရှင်များက ငွေကျပ်သိန်း ၃၀ တိတိကို ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန (ကျိုက်ဝိုင်း)ရုံးသို့ လှူဒါန်းကြသည်။

ထို့နောက် အဖွဲ့ဝင်များ ကိုယ်စား ဦးညဏ်ထွန်းဦး၊ ဒေါ်ခင်စောဥမ္မာ၊ ဒေါက်တာဒေါ်မြင့်ဌေး၊ ဒေါ်မြင့်ကြည်၊ ဒေါ်ခင်မာလာ (စင်ကာပူ)၊ ဒေါက်တာစန္ဒာမြငြိမ်း (အထက (၁)ဒဂုံ)၊ ဒေါ်သိန်းသိန်းဝင်း၊ ဒေါက်တာစပယ်လှ၊ ဒေါ်မြသန္တာဝင်း၊ ဒေါ်စုစုသိန်း၊ ဒေါ်နီနီထွန်း၊ ဒေါ်အေးအေးမြ၊ ဒေါ်နှင်းသီင်္ဂီနွယ်တို့က ငလျင်ဘေးသင့်ပြည်သူများအတွက် ငွေကျပ်သိန်း ၃၀ ပေးအပ် လှူဒါန်းရာ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန (ကျိုက်ဝိုင်း) က ညွှန်ကြားရေးမှူး ဦးသန်းစိုးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ဟန်စုယဉ်**

## ဒလမြို့နယ်၌ ဇီဝိတဒါနစုပေါင်း ငါးလွှတ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

ဒလမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော ဇီဝိတဒါနငါးလွှတ်ပွဲအခမ်းအနားကို ယမန်နေ့က ညောင်ကုန်းရပ်ကွက်ရှိ ဆုတောင်းပြည့်မဟာသင်္ကြန်ဘုရားကြီး၌ ကျင်းပသည်။

အဆိုပါ ဇီဝိတဒါနငါးလွှတ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဆုတောင်းပြည့်မဟာသင်္ကြန်ဘုရားကြီး၏ ရေကန်အတွင်းသို့ ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုကြသည်။

ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုရာတွင် ငါးမြစ်ချင်းနှင့် ငါးခုံးမငါးသားပေါက် အကောင်ရေ စုစုပေါင်း ၃၀၀၀ အား ဆုတောင်းပြည့်မဟာသင်္ကြန်ဘုရားကြီး ရေကန်အတွင်းသို့ ဇီဝိတဒါန ငါးလွှတ်ကုသိုလ် စုပေါင်းဆောင်ရွက်ကြသည်။



**ခင်စန္ဒာမြင့် (မြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**


### မြို့တော်သတင်း

ထုတ်ဝေသူ – ဦးဇော်မင်းအောင်
ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြဲ (၀၀၆၉၉)

အမှုဆောင်အရာရှိ – ဦးစောလှဦး
ဒုတိယဌာနမှူး (ညွှန်ကြားရေးမှူး)

အယ်ဒီတာချုပ် – မြတ်စိုး (လှိုင်)
တာဝန်ခံအယ်ဒီတာ – မောင်မောင်လွင်
အယ်ဒီတာများ – ထားထားဝင်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း – မြင့်ဦးဆွေနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဝါဝါပွင့်နှင့်အဖွဲ့

သတင်းထောက်ချုပ် – စောသိန်းဝင်း(မြို့တော်သတင်း)
အကြီးတန်းသတင်းထောက် – အောင်မြင့်ဌေး၊ မိုးဝေ
အငယ်တန်းသတင်းထောက် – ရဲနန္ဒာလင်းမြင့်၊ မိုးမြင့်မောင်၊ သွင်မောင်မောင်၊
ဓာတ်ပုံသတင်းထောက် – ရွှေဝင်း၊ စောလှိုင်ဝင်း၊ ကျော်သူထက်

**ပုံနှိပ်–** သိန်းဦးနှင့်အဖွဲ့၊ **ဖြန့်ချိရေး–** ကျော်စိုးသူနှင့်အဖွဲ့၊ **မြို့တော်ပုံနှိပ်တိုက် (မြဲ) ၀၀၅၈၃**

မြို့တော်သတင်းစာတိုက်၊ ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ မြို့တော်သတင်းစာ တယ်လီဖုန်းအမှတ် ၀၁ – ၇၅၀၃၆၂၆, yangoncitynews@gmail.com

# ကျိုက္ကစံစေတီတော်မြတ်ကြီးတွင် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်



**ရန်ကုန် ဧပြီ ၁၁**

သင်္ဃန်းကျွန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် အန္တရာယ်ကင်းပရိတ်တော်များ ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကိုယမန်နေ့ည ၇ နာရီကသမိုင်းဝင်ကျိုက္ကစံစေတီတော်မြတ်ကြီး နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံတွင်ကျင်းပရာအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကိုနမောတဿသုံးကြိမ်ရွတ်ဆို၍ ဘုရားရှိခိုးကန်တော့ဖွင့်လှစ်ပြီး သင်္ဃန်းကျွန်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးဆောင်သောသံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် အမှူးရှိသည့် ဆရာတော်သံဃာတော်များက ပရိတ်ကြီး ၁၁ သုတ်ရွတ်ဖတ်ပူဇော်ကာ ရတနသုတ်ပရိတ်တရားတော် ကိုးခေါက်တိတိ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ၍ အမျှပေးဝေခဲ့ကြပြီး “ဗုဒ္ဓသာသနံစိရံတိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းပြီး ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ကိုးရက်တိုင်တိုင် သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ သုဝဏ္ဏမြို့ဦးစေတီ၊ ကျိုက်ဒေးယျံစေတီ၊ ရန်မျိုးအောင်စေတီ၊ ရွှေနားပန်စေတီ၊ မြစာရံအေးစေတီနှင့် ရပ်ကွက်များအတွင်းရှိ ဓမ္မာရုံများ၌ ရတနသုတ်တော်ကို ဝတ်အသင်းအဖွဲ့များက ရွတ်ဖတ်ပူဇော်ပြီး ဌာနဆိုင်ရာရုံးများတွင်လည်း ပရိတ်ကြီး ၁၁ သုတ်ရွတ်ဖတ်ပူဇော်ခြင်း၊ ရတနသုတ်ပရိတ်တရားတော် ကိုးခေါက်တိတိ ရွတ်ဖတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

**သိန်းအောင်(ခရိုင်ပြန်/ဆက်)**



# မြောက်ဥက္ကလာပ ဆုတောင်းပြည့် မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်းပရိတ် ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၁၁**

မြောက်ဥက္ကလာပမြို့၌ ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးတွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၉ ရက်က ဆုတောင်းပြည့်မယ်လမုစေတီတော်ကြီးအတွင်းရှိ ဗုဒ္ဓအောင်မြေဘုရားကြီးတွင် ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားသို့တက်ရောက်လာကြသော ဆရာတော်သံဃာတော်အရှင်သူမြတ်များ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊စေတီတော်ကြီးဂေါပကဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စေတနာရှင်အလှူရှင်များနှင့် ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ကြပြီး ရွှေပြည်စံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဂရထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်အရှင်သူမြတ်များက အန္တရာယ်ကင်းပရိတ်တရားတော်များရွတ်ဖတ်ပူဇော်ကြပြီး ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြရာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းကြသည်။

အဆိုပါ အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ကိုးရက်တိုင်တိုင် ည ၇ နာရီတွင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# တောင်ဥက္ကလာပမြို့နယ်၌ အန္တရာယ်ကင်းရတနသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်

**ရန်ကုန် ဧပြီ ၁၁**

တောင်ဥက္ကလာပမြို့နယ် သုံးထပ်ဆောင်သာသနာ့ဗိမာန်တော်ကြီး၊ မုနိဓမ္မာရုံကြီးနှင့် ဌာနဆိုင်ရာများ၊ ကျောင်းများတွင်လည်း ဧပြီ ၈ ရက်က ရတနသုတ်ပရိတ်တရားတော်များ ကိုးခေါက်ရွတ်ဖတ်ပူဇော်ကြသည်။

ထိုသို့ ရွတ်ဆိုပူဇော်ရာတွင် ဝတ်ရွတ်အဖွဲ့များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ၊ ပြည်သူများက ယမန်နေ့ည ၆ နာရီ ၄၅ မိနစ်တွင် ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း၊ နတ်ပင့်ခြင်းတို့ဖြင့် ပူဇော်ကန်တော့ကြ၍ ည ၇ နာရီအချိန်မှ စတင်ကာ ရတနသုတ်ပရိတ်တရားတော် ကိုးခေါက်ရွတ်ဆိုပူဇော်ကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်မိုးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ပရိတ်တရားရွတ်ဖတ်ပူဇော်ကြသော ဆရာတော်၊ သံဃာတော်အရှင်မြတ်တို့ထံသို့ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများကို ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ ရတနသုတ်ပရိတ်တရားတော်မြတ်ကို ဧပြီ ၈ ရက်မှ ၁၆ ရက်အထိ ည ၇ နာရီမှစ၍ ကိုးခေါက်ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်သည်။ **ခင်ဆွေနှင်း(ပြန်/ဆက်)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊**
**မလိုအပ်သော**
**အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**


# ပျဉ်းမနား - တောင်တွင်းကြီး အစုန်၊ အဆန် လူစီးကုန်တင်ရထားခရီးစဉ် ပြန်လည်ပြေးဆွဲ

**ရန်ကုန် ဧပြီ ၁၁**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေလျှင်ကြီးကြောင့် လမ်းပိုင်းပျက်စီးမှုဖြစ်ပေါ်ခဲ့ပြီး ယာယီရပ်နားခဲ့သော ပျဉ်းမနား-တောင်တွင်းကြီး အစုန်၊ အဆန် လူစီးကုန်တင်ရထားခရီးစဉ်ကို ဧပြီ ၁၀ ရက်တွင် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးနေကြောင်း မြန်မာ့မီးရထားက သိရသည်။

အဆိုပါငလျင်ကြောင့် ပျဉ်းမနား - တောင်တွင်းကြီးလမ်းပိုင်း၌ ပျဉ်းမနားဘူတာမှကံသာဘူတာကြားရထားလမ်းပိုင်းအချို့အပါအဝင် လမ်းပျက်စီးမှု ၁၁ နေရာနှင့် တံတားနှစ်စင်းပျက်စီးခဲ့ရသဖြင့် ယင်းရထားခရီးစဉ်ကို ယာယီရပ်နားထားခဲ့ရာက ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်သည်။

ပျဉ်းမနား-တောင်တွင်းကြီးရထားခရီးစဉ်ကို အမှတ် (၁၀၃) အဆန်နှင့် အမှတ် (၁၀၄) အစုန် လူစီးကုန်တင်ရထားဖြင့် ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိပြီး နေ့စဉ် တောင်တွင်းကြီးမှ နံနက် ၅ နာရီနှင့် ပျဉ်းမနားမှ မွန်းလွဲ ၂ နာရီအချိန်သတ်မှတ်ထားကြောင်း၊ ငလျင်ကြောင့် ထိခိုက်မှုမရှိဘဲ ရထားလမ်းအဆင့်မြှင့်တင်မှုဆောင်ရွက်နေသည့် မော်လမြိုင်-ရေး လူစီးကုန်ရထားတစ်စင်းကိုလည်း ဧပြီ ၁၀ ရက်တွင် စတင်ပြေးဆွဲပေးလျက်ရှိသည်။ **ခရီးသွားလုလင်**



မြို့တော်သတင်း The CITY NEWS







ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။





ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား သက်ဆိုင်ရာခရိုင်များ၏ ဒေသန္တရစီမံကိန်းတာဝန်များအား ပေးအပ်စဉ်။

**(စာ-၁)ရန်ကုန်တိုင်းဒေသကြီးမှ** ကို လုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ စံချိန်စံညွှန်းပြည့်မီစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ နိုင်ငံတော်က မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်များ၊ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ မူဝါဒရည်မှန်းချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူပြီး ဌာန၊ အဖွဲ့အစည်းအသီးသီးက ဟန်ချက်ညီညီ၊ အချိတ်အဆက်မိမိ ပူးပေါင်းပြီး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများအား တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းတာဝန်များ အားလည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး၏ဒေသန္တရစီမံကိန်း တာဝန်များအား လည်းကောင်း ပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား သက်ဆိုင်ရာ ခရိုင်များ၏ ဒေသန္တရစီမံကိန်းတာဝန်များ ပေးအပ်ပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**



ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေစဉ်။



ရောက်ရှိလာသည့် ပစ္စည်းများနှင့်အတူ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကူးစဉ်။

**(စာ - ၁) ယူအေအီးနိုင်ငံမှ**

ဆက်လက်ပြီး ယမန်နေ့ ညနေ ၃ နာရီ ၂၀ မိနစ်တွင် ယူအေအီးနိုင်ငံ၊ UAE Air Force မှ Cargo Flight (ကယ်ဆယ်ရေးပစ္စည်း) တင်ဆောင်လာသည့် လေယာဉ်သည် မြန်မာနိုင်ငံ ငလျင်ဘေးဒဏ်သင့်ဒေသများအတွက် လှူဒါန်းသည့် အစားအစာများနှင့် ယာယီတဲများ စုစုပေါင်း ၃၆ ထုပ်၊ ၃၃၅၈၂ kg တင်ဆောင်၍ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးသန်းစိုးနှင့် တာဝန်ရှိသူများက လက်ခံကြိုဆိုခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများအား လိုက်လံကြည့်ရှုပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ယူအေအီးနိုင်ငံသို့ ပြန်လည် ထွက်ခွာမည့် ကူညီကယ်ဆယ်ရေးအဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်၍ ကူညီမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ယင်းနောက် ရောက်ရှိလာသည့် ပစ္စည်းများကို တပ်မတော်သားများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ပြည်တွင်းကုန်တင်ကုန်ချလုပ်သားများက သက်ဆိုင်ရာ မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့် ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**ရန်ကုန် ဧပြီ ၁၁**

အင်းစိန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များ ကင်းရှင်းစေရန် ဇီဝိတဒါန ငါးလွှတ်ပွဲအခမ်းအနားကို ဧပြီ ၁၁ ရက် နံနက်ပိုင်းက ကြို့ကုန်းအနောက်ရပ်ကွက်၊ ငါးလုပ်ငန်းဦးစီးဝင်း၊ ဆိပ်ကမ်းသစ်ဆိပ်လမ်း၊ အမှတ်(၄)ရှိ မျိုးသီဟပြည့်စုံကုန်တင်ကုန်ချဆိပ်ကမ်းတွင် ကျင်းပသည်။

ဇီဝိတဒါန ငါးလွှတ်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများက ငါးကြင်းရွှေဝါကောင်ရေ တစ်သောင်းကျော်ကို ဇီဝိတဒါနအဖြစ် မြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်**

**(ပြန်/ဆက်)**




## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## ဗိုလ်တထောင်ခရိုင်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ



**ရန်ကုန် ဧပြီ ၁၁**

ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ဗိုလ်တထောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဒေါ်နီနီလှနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးများ တတ်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးအောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းလုပ်ငန်းတာဝန်များပေးအပ်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သတင်းရရှိသည်။

**မြတ်ဖူးခင်**

**(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

မြို့တော်သတင်း The CITY NEWS



# ယနေ့ဈေးကွက်ပေါက်ဈေး

**ရန်ကုန် ဧပြီ ၁၁**

## ၁၀.၄.၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅,၆၂၀,၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၇၇ | ၂၉၆၈ |
| 95 Ron | ၂၉၃၆ | ၃၀၂၈ |
| HSD (500 ppm) | ၂၄၃၅ | ၂၅၁၃ |
| HSD (50 ppm) | ၃၀၂၅ | ၃၁၁၅ |
| HSD (10 ppm) | ၃၀၂၅ | ၃၁၁၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ဆန် (အိတ်)ဆန်ကုန်စည်ဒိုင်ဈေး

ငစိန် ကျပ် ၇၁၀၀၀ - ၇၂၅၀၀ - ၇၃၀၀၀

ဧည့်မထ ကျပ် ၇၁၀၀၀ - ၇၂၀၀၀- ၇၃၀၀၀

ပေါ်ကျွဲ ကျပ် ၁၀၀၀၀၀ - ၁၀၂၀၀၀- ၁၀၃၀၀၀

ပေါ်ဆန်း ကျပ် ၁၄၀၀၀၀ - ၁၄၅၀၀၀ - ၁၅၀၀၀၀

### ဆီ(ပိဿာချိန်)

စားအုန်းဆီ(လက်ကား) ကျပ် ၆၇၇၀ - ၇၂၀၀

စားအုန်းဆီ(လက်လီ) ကျပ် ၇၀၁၀ - ၇၅၀၀

ပဲဆီ(လက်ကား/လက်လီ) ကျပ် ၁၃၀၀၀ -၁၆၀၀၀ - ၂၂၀၀၀

နှမ်းဆီ(လက်ကား/လက်လီ)ကျပ် ၁၇၀၀၀-၂၀၀၀၀

### အသား(ပိဿာချိန်)

အမဲသား(ဒိုင်ဈေး) ကျပ် ၂၂၀၀၀

(လက်လီဈေး) ကျပ် ၂၀၀၀၀ -၂၅၀၀၀ - ၂၈၀၀၀

ဝက်သား(ဒိုင်ဈေး) ကျပ် ၂၅၅၀၀

(လက်လီဈေး) ကျပ် ၃၀၀၀၀ - ၃၅၀၀၀

ဆိတ်သား (ဒိုင်ဈေး) ကျပ် ၂၅၀၀၀

(လက်လီဈေး) ကျပ် ၃၀၀၀၀ -၃၈၀၀၀ - ၄၀၀၀၀

### ကြက်/ဘဲ(ပိဿာချိန်)

မွေးမြူရေးကြက်(ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၃၅၀၀

(လက်လီဈေး) ကျပ် ၁၆၀၀၀ - ၂၀၀၀၀

ဒေသကြက်(ဒိုင်ဈေး) ကျပ် ၁၆၀၀၀ - ၂၆၀၀၀

(လက်လီဈေး) ကျပ် ၂၄၀၀၀ -၂၇၀၀၀ - ၃၀၀၀၀

ဘဲ(ဒိုင်ဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀

ဘဲ(လက်လီဈေး) ကျပ် ၁၀၀၀၀ -၁၂၀၀၀ - ၁၅၀၀၀

### ကြက်ဥ/ဘဲဥ(လုံးရေ)- ဧရာဝတီတိုင်းမှဝင်

ကြက်ဥ(ဒိုင်ဈေး) ကျပ် ၃၅၅

ဘဲဥ ( ဒိုင်ဈေး) ကျပ် ၄၀၀

ကြက်ဥ(လက်လီဈေး) ကျပ် ၃၅၅ - ၃၆၀ - ၃၆၅

ဘဲဥ(လက်လီဈေး) ကျပ် ၄၅၀ - ၅၀၀

### ငါး (ရေချိုရေငန်ပိဿာချိန်)

ငါးမြစ်ချင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၇၅၀၀ - ၈၅၀၀

(လက်လီဈေး) ကျပ် ၈၀၀၀ - ၁၀၀၀၀ - ၁၂၀၀၀

ငါးကြင်း(ဒိုင်ဈေး) ကျပ် ၆၀၀၀ - ၁၁၀၀၀ - ၁၃၀၀၀

(လက်လီဈေး) ကျပ် ၁၀၀၀၀ - ၁၃၀၀၀ -၁၈၀၀၀

ငါးတန် (မြစ်) (ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၉၀၀၀ -၁၇၀၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ -၂၀၀၀၀

ငါးတန် မွေးမြူရေး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၆၀၀၀

(လက်လီဈေး) ကျပ် ၅၀၀၀ -၁၀၀၀၀

ငါးခူ/ငါးကျည်း (ဒိုင်ဈေး) ကျပ် ၁၃၀၀၀ - ၁၈၀၀၀ - ၂၀၀၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀

ငါးသလောက်(ဒိုင်ဈေး)ကျပ် ၁၂၀၀၀ - ၂၀၀၀၀ - ၂၇၀၀၀

(လက်လီဈေး) ကျပ် ၁၈၀၀၀ - ၂၅၀၀၀ - ၂၈၀၀၀

ငါးရံ့(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၁၆၀၀၀ - ၁၈၀၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၂၀၀၀၀ - ၂၅၀၀၀

ပင်လယ်ငါး(ဒိုင်ဈေး) ကျပ် ၄၀၀၀ - ၇၅၀၀ - ၁၀၀၀၀

(လက်လီဈေး) ကျပ် ၇၀၀၀ - ၈၀၀၀ - ၁၀၀၀၀

ရွှေငါး ကျပ် ၄၅၀၀ - ၅၅၀၀

ပလာတူး ကျပ် ၅၀၀၀ - ၇၀၀၀

ပုစွန်ကျော့(ဒိုင်ဈေး) ကျပ် ၁၁၀၀၀ - ၁၅၀၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ - ၂၀၀၀၀

### ကုန်ခြောက်(တစ်ပိဿာလက်ကားဈေး)

ကြက်သွန်နီ(ဒိုင်ဈေး) ကျပ် ၁၀၀၀ - ၁၆၀၀ - ၁၈၀၀

(လက်လီဈေး) ကျပ် ၂၅၀၀ - ၃၅၀၀ - ၄၀၀၀

ကြက်သွန်ဖြူ(ဒိုင်ဈေး)ကျပ် ၅၅၀၀ - ၁၃၀၀၀ - ၁၃၅၀၀

(လက်လီဈေး) ကျပ် ၁၅၀၀၀ - ၁၆၀၀၀ -၁၈၀၀၀

အာလူး(ဒိုင်ဈေး) ကျပ် ၃၅၀၀ - ၄၅၀၀

(လက်လီဈေး) ကျပ် ၃၆၀၀ - ၅၀၀၀

### ငရုတ်ခြောက်(ပု)

(ဒိုင်ဈေး) ကျပ် ၁၁၅၀၀ - ၁၂၀၀၀

(လက်လီဈေး) ကျပ် ၁၃၀၀၀ - ၁၆၀၀၀ - ၂၀၀၀၀

### ငရုတ်ခြောက်(ရှည်)

(ဒိုင်ဈေး) ကျပ် ၇၀၀၀ - ၈၃၀၀

(လက်လီဈေး) ကျပ် ၁၂၀၀၀ - ၁၅၀၀၀ -၁၈၀၀၀

**ဘုရင့်နောင်ကုန်စည်ဒိုင် (ရန်ကုန်တိုင်းဒေသကြီး)၊ တိရစ္ဆာန်ဆေးကုနှင့် ထုတ်လုပ်ရေးဌာန ထုတ်လုပ်ရေးရုံများ၊ မင်္ဂလာတောင်ညွန့် ကြက်၊ ဘဲဈေး၊ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စံပြငါးဈေး၊ ရွှေပိတောက်ငါးဈေးများမှ လက်လီ၊ လက်ကား ဈေးနှုန်းများ အနိမ့်ဆုံးနှင့် အမြင့်ဆုံးဖော်ပြထားခြင်းဖြစ်သည်။ ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှ ပြောင်းလဲနိုင်ပါသည်။**

**(မြို့တော်သတင်း)**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ရက်စွဲ | ဆန် ပေါ်ဆန်း တစ်ပြည် | ဆန် ဧည့်မထ တစ်ပြည် | ဆန် ငစိန် တစ်ပြည် | ဆီ ပဲဆီ ပိဿာ | ဆီ စားအုန်းဆီ ပိဿာ | ကုန်ခြောက် ကြက်သွန်နီ ပိဿာ | ကုန်ခြောက် ကြက်သွန်ဖြူ ပိဿာ | ကုန်ခြောက် ကုလားပဲ ပိဿာ | ကုန်ခြောက် မတ်ပဲ ပိဿာ | ကုန်ခြောက် အာလူး ပိဿာ | ကုန်ခြောက် ဆား ပိဿာ | ကုန်ခြောက် ငရုတ်ရှည် ပိဿာ | ကုန်ခြောက် ငရုတ်ပု ပိဿာ | အသား/ငါး ကြက်သား ပိဿာ | အသား/ငါး ဝက်သား ပိဿာ | အသား/ငါး အမဲသား ပိဿာ | အသား/ငါး ဆိတ်သား ပိဿာ | အသား/ငါး ငါးကြင်း ပိဿာ | အသား/ငါး ငါးမြစ်ချင်း ပိဿာ | အသား/ငါး ငါးခြောက်အာပြဲ ပိဿာ | အသား/ငါး ကြက်ဥ တစ်လုံး | အသား/ငါး ဘဲဥ တစ်လုံး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ရန်ကုန် | ၁၀-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | ၁၁-၄-၂၀၂၅ | ၆၀၀၀/ ၈၀၀၀ | ၃၃၀၀/ ၄၀၀၀ | ၃၀၀၀/ ၃၅၀၀ | ၂၂၀၀၀ | ၇၀၁၀/ ၇၅၀၀ | ၄၀၀၀ | ၁၅၀၀၀/ ၁၆၀၀၀/ ၁၈၀၀၀ | ၇၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၂၅၀၀၀ | ၃၅၅/ ၃၆၀/ ၃၆၅ | ၄၅၀/ ၅၀၀ |
| | | | | | | | | | | | | | | | | တက် | | | | | | | | |

**လက်လီဈေးနှုန်းဖြစ်ပါသည်**



ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ထောင့်ကျေးရွာ၌ အိမ်တိုင်ရာရောက် ကျေးလက်ရေရရှိရေး လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၉ ရက်က တာဝန်ရှိသူများ အသိုပါ ကျေးရွာ၌ ကျင်းပစဉ်။

မောင်ခိုင်



သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးစဉ်။

ဟိန်းထက်စိုး(မလှိုင်)



လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများ သက်ဆိုင်ရာ ကျေးရွာများသို့ လွှဲပြောင်းအပ်နှံပွဲ အခမ်းအနားကို ဧပြီ ၈ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

စိန်လွင်(ကျေးလက်)



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက မဟာဝိဇယစေတီတော်အား ဆီမီးရေချမ်းကပ်လှူစဉ်။

(သတင်း-ကျောဖုံး)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**ရန်ကုန် ဧပြီ ၁၁**

**မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ခမီမြို့ ၁ ဒသမ ၆၁ လက်မ၊ ခနောင်မြို့ ဝ ဒသမ ၉ဝ လက်မ၊ ဘိုကလေးမြို့ ဝ ဒသမ ၆၅ လက်မ၊ ဖျာပုံမြို့၊ မြောင်းမြမြို့၊ ဒေးဒရဲမြို့နှင့် လပွတ္တာမြို့တို့တွင် ဝ ဒသမ ၆၃ လက်မစီ၊ မြိတ်မြို့ ဝ ဒသမ ၅၉ လက်မနှင့် ညောင်တုန်းမြို့ ဝ ဒသမ ၅၈ လက်မတို့ ဖြစ်ကြပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်။** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်။** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈ဝ ဖြစ်ပါသည်။

**(မိုး/ဇလ)**

# အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ အဆင်ပြေစွာလေ့ကျင့်နိုင်ရေး ဒုတိယမြို့တော်ဝန် ဦးညီညီ ကွင်းဆင်းစစ်ဆေး





ဒုတိယမြို့တော်ဝန် ဦးညီညီ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အားကစားသမားများ အဆင်ပြေစွာလေ့ကျင့်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန် ဧပြီ ၁၁**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၇နာရီခွဲက တာမွေမြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်) တွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်းအလိုက် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဆင်ပြေစွာလေ့ကျင့်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးရာ အားကစားနှင့် ကာယပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ဒုတိယမြို့တော်ဝန်က မြန်မာ့လက်ရွေးစင်အားကစားသမားများအဆင်ပြေစွာ လေ့ကျင့်နိုင်ရေး မြို့တော်စည်ပင်ဝန်ထမ်းများက ပေါင်းစပ်ဆောင်ရွက်ပေးရန်၊သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာရရှိရေး ပူးပေါင်းဆောင်ရွက်ပေးရန်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အသားငါးများဈေးနှုန်းချိုသာစွာဝယ်ယူရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**သတင်း-ရဲနန္ဒာလင်းမြင့်**
**ဓာတ်ပုံ-ကျော်သူထက်**

# ဒဂုံမြို့နယ်၊ ဗဟိုသားဖွားသင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ



**ရန်ကုန် ဧပြီ ၁၁**

ဒဂုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်းတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း၌ ကျင်းပသည်။**(ပုံ)**

ရှေးဦးစွာ ကျောက်တံတားခရိုင်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်(၂)ဦးစံကျော်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်ဒါရှီခေါ်နူးက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးစံကျော်နှင့် တာဝန်ရှိသူများက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပေးအပ်ကြသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကိုကျင်းပရာ ဦးဆောင်ဆွေးနွေးသူများအဖြစ် ဒဂုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့အေးနှင့် ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီး ဒေါ်ဒါရှီခေါ်နူးတို့က ဆောင်ရွက်ပြီးပါဝင်ရန်ကုန်ဗဟိုသားဖွားသင်တန်းကျောင်း၊ဘက်စုံသားဖွားဒီပလိုမာနှစ်နှစ်သင်တန်း၏ ဒုတိယနှစ် သင်တန်း သူခြောက်ဦးတို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် နည်းပညာတို့ကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက ခန်းမအတွင်းပြသထားသော စာအုပ်စာစောင်များကို လေ့လာကြည့်ရှုကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ငလျင်ဘေးဒဏ်သင့်လူနာများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန်  ဧပြီ ၁၁**

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးတွင် ဒဏ်ရာရရှိသူလူနာများအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ဝန်ထမ်းအင်အား ၅၇ ဦးတို့သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်းရှိ အမျိုးသားသွေးဌာန (ရန်ကုန်)၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းရာတွင် ယာဉ်ယန္တရားစီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးဌာန၊ မြို့ပြစီမံကိန်းဌာန၊မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနတို့က ဝန်ထမ်းများစုပေါင်းသွေးလှူဒါန်းနေမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာန ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဒေါက်တာ မြင့်သန်းထွန်းနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုအားပေးကြသည်။**(ပုံ)**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနပေါင်း ၁၈ ဌာနမှ ဝန်ထမ်းအင်အား ၅၂၇ ဦးတို့သည် ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ စုပေါင်းသွေးလှူဒါန်းကြသည်။

**အောင်မြင့်ဌေး(မြို့တော်သတင်း)**






# တပ်မတော်ပြည်သူလုပ်အားပေးများအား မန်းတိုင်း YMBA လှူဒါန်း

**ရန်ကုန်  ဧပြီ ၁၁**

မန္တလေးငလျင်ဒဏ်ခံစားခဲ့ရသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် စေတနာဖြင့် ပါဝင်ဆောင်ရွက်လုပ်အားပေးနေကြသည့် တပ်မတော်သားများနှင့် ပြည်သူများကို နေ့လယ်စာ ထမင်း၊ ဟင်းထုပ် ၁၀၀၀ နှင့် ရေသန့်ဘူး ၁၀၀၀ မန္တလေးတိုင်းဒေသကြီး ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)မှ ဧပြီ ၁၀ ရက် နံနက်ပိုင်းက မန္တလေးမြို့အတွင်း သက်ဆိုင်ရာနေရာများသို့ သွားရောက်ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး YMBA ဥက္ကဋ္ဌ ဦးကြည်စိန်၊ ဘဏ္ဍာရေးမှူး ဦးသန်းလွင် တိုင်းအမှုဆောင်များဖြစ်ကြသော ဦးအောင်ချမ်းမင်းနှင့် ဦးမြင့်ဦး ခရိုင်အမှုဆောင် ဦးညီညီ(ခ) ဦးဇော်ဇော်ဌေး ၊ ချမ်းမြသာစည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်ထွန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်နိုင်နှင့်အလှူရှင်များစုပေါင်း၍ မြို့သစ် အမှတ် ၄ ရပ်ကွက်သို့ အထုပ် ၂၅၀ ရေသန့် ၂၅၀ ၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သမိုင်းဝင် ဦးပွားဘုရားကြီး ဩဝါဒါစရိယ ဆရာတော်သံဃာတော်များနှင့် လူဦးရေ ၉၀ ၊ မဟာမြတ်မုနိဘုရားကြီးအတွင်း လုပ်အားပေး တပ်မတော်သား ၂၀၀ နှင့် ပြည်သူလူထု ၄၆၀ ဦးအတွက် ရေသန့် ထမင်းဘူး စုစုပေါင်း ထမင်းထုပ် ၁၀၀၀ ရေသန့်၁၀၀၀ လှူဒါန်းခဲ့ရာ မဟာမြတ်မုနိဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**အောင်မြင့်ဌေး(မြို့တော်သတင်း)**

# လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်တွင် ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချ





**ရန်ကုန်  ဧပြီ ၁၁**

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၂) ရပ်ကွက်၊ ပီမိုးနင်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ်(၃) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် မင်းရဲကျော်စွာလမ်းထောင့် အမှတ်(၇) ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ဖိုးရာဇာလမ်းထောင့်တို့တွင် ယနေ့နံနက်ပိုင်းက ရပ်ကွက်နေပြည်သူများအား ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာဖြင့် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးရုံးဝန်ထမ်းများက ရောင်းချပေးလျက်ရှိသည်။ **(ပုံ)(မြို့တော်သတင်း)**

# ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်တွင် ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချ





**ရန်ကုန်  ဧပြီ ၁၁**

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ရွှခင်းသာမြို့ပတ်လမ်းရှိ မြို့မဈေးတွင် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းများက ပြည်သူများအား ကြက်ဥတစ်လုံးလျှင် ၃၆၅ ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(ပုံ)**

**(မြို့တော်သတင်း)**

# ကျောက်တန်းမြို့နယ် နွေရာသီ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဆုချီးမြှင့်ပွဲ ပြုလုပ်

**ရန်ကုန်  ဧပြီ ၁၁**

ကျောက်တန်းမြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်း ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံးလူထုအခြေပြုဗဟိုဌာန Community centre ခန်းမတွင် ပြုလုပ်သည်။

ရှေးဦးစွာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပန်းချီဆရာကြီး ဦးရဲထွတ်က သင်တန်းတွင် အမှတ်ပေးစည်းမျဉ်းအရ ဆုပေးအပ်ခဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့် ပေးအပ်ကြပြီး သင်တန်းနည်းပြဆရာအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ကျောက်တန်းမြို့နယ်ရှိ အခြေခံပညာကျောင်းများက မူလတန်း၊ အလယ်တန်းအဆင့်၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ယူကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်သည်။ **မိုးမြင့်မောင်**

မြို့တော်သတင်း The CITY NEWS



# ..................... ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုများ .....................



ကျုံပျော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၁၀ ရက်က အဆိုပါ ဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပစဉ်။

ကိုနိုင်(ကျေးလက်)



သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးညွန့်ဇော်နှင့် ဝန်ထမ်းများက လက်ပံတန်းမြို့နယ်၊ ကျေးနီကျေးရွာမြစ်မ်းရောင်ကျေးရွာစီမံကိန်း ဘက်စုံသုံးခန်းမတွင် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၀ ရက်က ကျင်းပစဉ်။

သုတ



ဖာပွန်မြို့နယ်၊ ကျွန်းတောမြစိမ်းရောင်စီမံကိန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၀ ရက်က ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးစဉ်။

ဘိုဘို



ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထိတန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံ ငွေကျပ် ၄၅ ဒသမ ၆ သန်းကို ဧပြီ ၉ ရက်က နဝမအကြိမ်ထုတ်ချေးပေးစဉ်။

အိပိုးပိုး



မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော်နမ့်ခဲဝမ်မိုင်ကျေးရွာနှင့် ကော်နန့်ခဲကောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို ဧပြီ ၁၀ ရက်က ခရိုင်ဦးစီးမှူး ဦးရန်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။

အောင်ရဲကျော်



မိုင်းပန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုဖိုင်လုံကျေးရွာ၌မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများကို ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးစဉ်။

မင်းမြင့်မိုရ်



တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၁) ကြိမ်မြောက် အသင်းသူ၊ အသင်းသား ၁၈၂ ဦးအား ထုတ်ချေးခြင်းအခမ်းအနားကို ဧပြီ ၉ ရက်က ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများ လုံးကောကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်စဉ်။

ကာရံ(ကျေးလက်)



သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖားကူးအနောက်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၀ သိန်းကို အသင်းသူ၊ အသင်းသား ၂၂၆ ဦးအား ဧပြီ ၁၀ ရက်က တာဝန်ရှိသူများ အဆိုပါကျေးရွာ၌ ကွင်းဆင်းထုတ်ချေးပေးစဉ်။

ချိုသန်းညွန့်(ကျေးလက်)

## CITY FM Radio Station

### မြို့တော်အသံလွှင့်ဌာန
၁၁-၄-၂၀၂၅ (သောကြာနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | ၅၂၈ နှလုံးသား |
| ၈:၃၀ | ခံစားတတ်ရင်မင်းအတွက် |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Country Songs |
| ၁၀:၃၀ | ရန်ကုန်စာမျက်နှာ |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | သိလိုရာမေးအားပေးနှစ်သိမ့် |
| ၁၂:၃၀ | International Modern Music |
| ၁:၀၀ | ရင်မှဖြစ်သောချစ်စကား |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | ရန်ကုန်စာမျက်နှာ |
| ၃:၃၀ | Solo Art |
| ၄:၀၀ | Copy Copy Copy |
| ၄:၃၀ | Hip Hop Time |
| ၅:၀၀ | ခံစားတတ်ရင် မင်းအတွက် |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | အိမ်ပြန်ချိန် သီချင်းများ |
| ၆:၃၀ | အိမ်ပြန်ချိန် သီချင်းများ |
| ၇:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | သိလိုရာမေးအားပေးနှစ်သိမ့် |
| ၈:၃၀ | Blues Garden |
| ၉:၀၀ | မြန်မာ့ဂန္ထဝင်တေးများ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | Easy Listening Songs (Instrumental Songs) |
| ည ၁၀:၀၀မှ ည ၁၁:၀၀ထိ | ညပိုင်းတရားတော်များ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

## CITY FM Radio Station

### မြို့တော်အသံလွှင့်ဌာန
၁၂-၄-၂၀၂၅ (စနေနေ့)

| | |
|---|---|
| ၆:၀၀ | Opening/နိုင်ငံတော်သီချင်း |
| ၆:၃၀ | နံနက်ခင်းတရားတော်များ |
| ၇:၀၀ | နံနက်ချိန်ခါမင်္ဂလာတေး |
| ၇:၃၀ | မြို့ပြသီချင်းများ |
| ၈:၀၀ | မြို့ရန်ကုန်ရဲ့ ဈေးပွဲတော်များဆီသို့ |
| ၈:၃၀ | Country Songs |
| ၉:၀၀ | ရောင်စုံသီချင်းများ |
| ၉:၃၀ | Presenting Music |
| ၁၀:၀၀ | Hidden Playlist |
| ၁၀:၃၀ | Weekly Sport Album |
| ၁၁:၀၀ | English Oldies |
| ၁၂:၀၀ | နားဆင်မှတ်သားဆောင်းပါးများ |
| ၁၂:၁၀ | နှစ်ပတ်လည်သီချင်းများ |
| ၁၂:၃၀ | Song Title Track |
| ၁:၀၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၂:၀၀ | ရတနာ့သုတ် |
| ၂:၀၈ | အလုပ်ပေးတရားတော်များ |
| ၃:၀၀ | မင်္ဂလာဆောင်သီချင်းများ |
| ၃:၃၀ | Country Songs |
| ၄:၀၀ | ကျန်းမာရေးစကားဝိုင်း |
| ၄:၃၀ | စတိုင်ကျကျ လူမှုဘဝ |
| ၅:၀၀ | Rock Songs |
| ၅:၃၀ | Weekly Sport Album |
| ၆:၀၀ | Hidden Playlist |
| ၆:၃၀ | Duet Songs |
| ၇:၀၀ | မြို့ရန်ကုန်ရဲ့ ဈေးပွဲတော်များဆီသို့ |
| ၇:၂၀ | ရင်ထဲကရေဒီယိုသီချင်းများ |
| ၈:၀၀ | ရုပ်ရှင်ဇာတ်ဝင်တေးများ |
| ၈:၃၀ | English Oldies |
| ၉:၀၀ | ပြန်လွှင့်တေးသံမြန်မာသံ |
| ည ၉ : ၄၅မှ ည၁၀:၀၀ထိ | မဟာဂီတသီချင်းများ |
| နောက်တစ်နေ့ နံနက် ၆:၀၀ | တစ်နေ့တာ အစီအစဉ်များ စတင်ခြင်း |

## မြို့တော်သတင်းစာတွင် ပြည်သူတို့၏ လူမှုဘဝ ကဏ္ဍအစုံစုံတို့ကို ဖော်ပြ၊ ပြန်ကြားပေးမည့် မြို့တော်အသံကဏ္ဍကို ဖွင့်လှစ်ထား

**ရန်ကုန် ဧပြီ ၁၁**

မြို့တော်သတင်းစာအား ၂၀၂၁ ခုနှစ် မေလ ၁ ရက်နေ့မှစ၍ နေ့စဉ် ညနေခင်းသတင်းစာအဖြစ် ပြန်လည်ဆန်းသစ် ထုတ်ဝေလျက်ရှိရာ မြို့တော်နေပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် လူမှုဘဝကဏ္ဍပေါင်းစုံမှ ပြုပြင်ပေးစေလိုသော ကိစ္စရပ်များ၊ လိုအပ်ချက်များ၊ ပြည်သူတို့၏ နစ်နာဆုံးရှုံးမှုများကို ဖော်ပြပေးနိုင်ရန်၊ မျှဝေပေးနိုင်ရန်နှင့် ဆွေးနွေးညှိနှိုင်း၊ အဖြေရှာ ပြန်ကြားပေးနိုင်ရန်တို့အတွက် မြို့တော်အသံကဏ္ဍကိုဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ရေးသား ပေးပို့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။ မှတ်တမ်းဓာတ်ပုံများကိုလည်း ပူးတွဲပေးပို့နိုင်ပါသည်။ ရေးသားပေးပို့ရာတွင် အမည်၊ နေရပ်လိပ်စာ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ ကတ်ပြားမိတ္တူနှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကိုလည်း ပြည့်စုံစွာ ဖော်ပြပေးရန် အသိပေးအပ်ပါသည်။ မြို့တော်သတင်းစာတိုက် ဖုန်း ၀၁ – ၇၅၀၃၆၇၂၆၊ Fax: 01–7503670၊ yangoncitynews@gmail.com သို့ ပေးပို့နိုင်သည်။

**(မြို့တော်သတင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၉၊ သုဝဏ္ဏ(လုံးချင်း)၊ မြေကွက်အမှတ်-(၂၁)၊ မြေကွက်တည်နေရာအမှတ် -(၂၁)၊ မြဝတ်ရည်လမ်းနှင့် ရွှေဝါထွန်းလမ်းထောင့်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးတင်ထွန်းအောင် (MMO-003762) (၁၂/သဃက (နိုင်) ဝ၃၂၄၁၈) အမည်ပေါက် နှစ် (၆ဝ) မြေငှားဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်းအောင် (ခ) ဦးတင်အောင်(ဖခင်)နှင့် ဒေါ်နန်းထွေးခမ်း(မိခင်)တို့ အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်နန်းစောမြတ်အေး (၁၂/ သဃက (နိုင်)ဝ၃၁၇၁၃)၊ ဒေါ်နန်းစောမြတ်လေး (၁၂/သဃက (နိုင်) ဝဝဝ၆၈၅) တို့မှ တရားဝင်အမွေဆက်ခံခွင့်ရှိသည့် သမီးများတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသော အမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ဖခင်အမည်မှာ ဦးတင်ထွန်းအောင်နှင့် ဦးတင်အောင်ဟူ၍ အမည်အားဖြင့် (၂)မျိုး ပေါ်ပေါက်နေသော်လည်း၊ လူပုဂ္ဂိုလ်အားဖြင့် တစ်ဦးတစ်ယောက်တည်းဖြစ်သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ ၆၃၇/၂၀၂၅ (၁၃.၂.၂၀၂၅) သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၉၊ မြေကွက်အမှတ် ၅၉၄၊ မြေကွက်တည်နေရာအမှတ် အမှတ်-၅၉၄၊ သဇင်မြိုင်လမ်း၊ ၄၉ ရပ်ကွက်၊ ဒဂုံမြောက် (ဦးတင်ရွှေ-ISN.၁၀၅၂၄၈) အမည်ပေါက် နှစ်(၆ဝ) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးတင်ရွှေကိုယ်စား တရားရုံးဘီလစ် ဒေါ်လှဲ့လှဲ့ခိုင်မှ ချုပ်ဆိုပေးသော အရောင်းအဝယ်စာချုပ်အမှတ် - ၅၄၈၁/၂၀၂၄၊ ၁၊ ၇၊ ၂၀၂၄ ဖြင့် (၂၀' x ၆၀') ပေအား ဝယ်ယူပိုင်ဆိုင်သူ၊ ဒေါ်ချိုမာဦး (၁၂/ဥကမ (နိုင်) ဝဝဝ၈၂၀)မှ ဂရန်၊ တရားရုံးအမိန့်၊ အရောင်းအဝယ်စာချုပ်၊ အမြတ်အခွန်ချုပ်၊ နိုင်ကတ်တို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ မူလမြေကွက်ကြီး၏ (၄ဝ x ၆ဝ) ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (၂၀' x ၆၀') အား ဝယ်ယူပိုင်ဆိုင်ပြီး တစ်ဖက်သတ်ခွဲစိတ်ခွင့်ပြုရန် မြေကွက်ခွဲနှင့် မြေတိုင်းလျှောက်ထားခြင်းနှင့် အရှုပ်အရှင်းပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်ပါက မိမိမှတာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ဝင်စာဖြင့် အရာရှိရှေ့ လက်မှတ်ရေးထိုး တင်ပြလာပါသဖြင့် ဒေါ်ချိုမာဦးမှ မြေကွက်ခွဲစိတ်ရန်နှင့် မြေတိုင်းတစ်ဖက်သတ် လျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေငြာပါသည့်နေမှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၁၊ မြေကွက်အမှတ် ၇၁၇/ခ၊ မြေကွက်တည်နေရာအမှတ် (၇၁၇/ခ)၊ ဇောတိကလမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ကြည်ကြည်ဝင်း (၁၂/သဃက (နိုင်) ဝ၁ဝ၉၄ဝ)၊ ဦးရဲမြင့် (AC - ဝဝ၉၇၅ဝ)၊ ဦးရဲလင်း (၁၂/သဃက (နိုင်) ဝ၁ဝ၉၄၁) အမည်ပေါက် နှစ် (၆ဝ) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်ကြည်ဝင်း၊ ဦးရဲမြင့်၊ ဦးရဲလင်းနှင့် ဦးတင်ထွန်းအောင်တို့ကို တရားပြိုင်ထားကာဒေါ်ခင်သူဇာမှ တရားလိုပြုလုပ်၍ မှတ်ပုံတင်၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် သဃ်န်းကျွန်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် - ၆၆/၂၀၂၄ (၃-၆-၂၀၂၄) ၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ် - ၁၁ဝ/၂၀၂၄ (၁ဝ-၇-၂၀၂၄) ၏ ထုံးပုံကျအပြီးသတ်အမိန့်၊ တရားရုံး၏ဘီလစ်ခန့်စာ၊ ဂရန်မူရင်းတို့တင်ပြ၍ တရားရှုံးကိုယ်စား ဒေါ်မေသူအောင် (၁၂/မဂတ (နိုင်) ၁ဝ၇၃၅၁) မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် (၅၇/က)၊ (ဝ.၉၉၃) ဧက မြေကွက်တည်နေရာအမှတ် (၅၇/က)၊ ရွာမကျောင်းလမ်း၊ မောင်ကာစင်အမည်ပေါက် ဂရန်မြေအမည်ပေါက်မြေအား အမည်ပေါက်ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် - ၁၆၉၂/၂၀၀၈ (၁၁-၁၁-၂၀၀၈)ဖြင့် ဒေါ်တင်တင်အေး၊ ဒေါ်သန်းသန်းအေး၊ ဦးခင်မောင်၊ ဒေါ်တင်တင်လေး၊ ဒေါ်မိမိ လေး၊ ဒေါ်အေးအေးစန်း၊ ဒေါ်ကြည်ကြည်သိန်းတို့အပေါ် အရောင်းပဋိညာဉ်ကို သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ (၁၂) အရ သီးခြားဆောင်ရွက်ပေးစေလိုမှုနှင့် လက်ရောက်ရလိုမှုတို့ဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၉၁/၂၀၁၁ ဖြင့် တရားစွဲဆိုခဲ့ရာ (၆-၉-၂၀၁၁)ရက်နေ့တွင် ချမှတ်ခဲ့သည့်အနိုင်ဒီကရီအရ ဦးကာစီ (ခ) ဦးကာစင် အမည်ပေါက် ဂရန်မြေတွင် ရန်ကုန်တိုင်းဒေသကြီး၊ တရားမကြီးမှုအမှတ် - ၁ဝ၄၈/၂၀၁၀ အရ ဒီကရီချမှတ်ထားသော မြေကွက်အစိတ်အပိုင်းဖြစ်သည့် အလျား ၂၃ဝ ပေ x အနံ ၁၀၀ ပေ မြေနှင့်ကပ်လျက် အလျား ၂၃ဝ ပေ x အနံ ၇ဝ ပေရှိ မြေကွက်အား တရားပြိုင်များက တရားလိုသို့ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုပေးရန် အဆိုပါမြေကို လက်ရောက်ပေးအပ်ရန် အနိုင်ဒီကရီရရှိခဲ့ပြီး ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး တရားမဇာရီမှုအမှတ်-၃၃၇/၂၀၁၁ (၂၅-၃-၂၀၂၀) အရ ဘီလစ်ခန့်စာရရှိသူ ဒေါ်အေးမြတ်မိုး (ဘီးလစ်)မှ အရောင်းအဝယ်မြေပုံကူးလျှောက်ထားခဲ့ပြီး ယခုအခါ ဘီလစ်ဒေါ်ခင်နှင်းရီမှ အရောင်းအဝယ်မြေပုံ ဆက်လက်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဒေါ်အေးအေးမေပါ (၂) ဦးက ရရှိခဲ့သည့်တရားရုံးအနိုင်ဒီကရီသည် လိမ်လည်လှည့်ဖျား၍ တစ်ဖက်သက်ရရှိခဲ့သော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် ဦးသိန်းနိုင်ဦးပါ (၇) ဦးကစွဲဆိုသည့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၆၈/၂၀၁၂ ကို မူလရုံးက ပလပ်ခဲ့ပြီးဖြစ်သော်လည်း တရားရှုံးများက အယူခံဝင်ရောက်ထားသည်ဆိုသော ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမပထမအယူခံမှုအမှတ် - ၆၃၅/၂၀၁၉ ကို အမိန့်ချမှတ်ပြီးခြင်း ရှိ/မရှိ အမိန့်ချမှတ်ပြီးသည်ဆိုပါက တရားရုံးအထောက်အထား တာဝန်ခံမိတ္တူမှန်တင်ပြရန် (၁ဝ-၇-၂၀၂၄) ရက်စွဲပါစာဖြင့် ထပ်မံအကြောင်းကြားခဲ့ရာ တရားရှုံးဦးသိန်းနိုင်ပါ (၆) ဦးတို့ အယူခံဝင်ရောက်သော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားမယူခံမှုအမှတ် - ၆၃၅/၂၀၁၉ ကို (၇-၇-၂၀၂၃) ရက်နေ့က ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း စီရင်ချက်ဒီကရီ တာဝန်ခံမိတ္တူကို တရားလိုတင်ပြလာသော်လည်း တရားရုံးအမိန့်အရ ဦးသိန်းနိုင်ဦးပါ (၆)ဦးတို့ စွဲဆိုသည့်အမှုအား ပလပ်ခဲ့သော်လည်း အယူခံတက်ရောက်ထားခြင်း ရှိ/မရှိနှင့် အယူခံတက်ရောက်ထားပါက တရားရုံးအထောက်အထား တာဝန်ခံမိတ္တူမှန်တင်ပြရန် (၁ဝ-၉-၂၀၂၄) ရက်စွဲပါစာဖြင့် ဒေါ်အေးအေးမေပါ (၂) ဦးနှင့် ဦးသိန်းနိုင်ဦးပါ (၇) တို့ထံ အကြောင်းကြားခဲ့ရာ ဒေါ်အေးအေးမေ(၂) ဦးတို့က အဆိုပါအယူခံမှုအမှတ်- ၆၃၅/၂၀၁၉ ကို တရားရုံးက (၇-၇-၂၀၂၃) ရက်နေ့တွင် ပလပ်သည့်အမိန့်ချမှတ်ခဲ့ကြောင်း အထောက်အထား တာဝန်ခံမိတ္တူမှန်ကို တင်ပြလာပါသည်။ (ဦးသိန်းနိုင်ဦးပါ (၇)ဦးမှ တင်ပြခြင်းမရှိပါ။) ထို့ကြောင့် မြေပေါ်တွင် နေထိုင်သူများဖြစ်ကြသည့် ဒေါ်ဆွေဆွေထွန်းပါ (၁၂) ဦးတို့က ကန့်ကွက်ထားခြင်းနှင့် တရားမပထမအယူခံမှုအမှတ် - ၆၃၅/၂၀၁၉ တွင် ချမှတ်ခဲ့သည့်ပလပ်အမိန့်အပေါ် ထပ်မံအယူခံဝင်ရောက်ခြင်း ရှိ/ မရှိ ဒေါ်အေးအေးမေ ပါ (၂) ဦးနှင့် ဦးသိန်းနိုင်ဦးပါ (၇) ဦးတို့ထံ အကြောင်းကြားခဲ့ရာ ဦးသိန်းနိုင်ဦးပါ (၇) ဦးတို့က တင်ပြနိုင်ခြင်းမရှိဘဲ ဒေါ်အေးမေပါ(၂) ဦးက အယူခံတက်ရက်မှာ ကျော်လွန်သွားပြီဖြစ်ကြောင်း (၂၇-၉-၂၀၂၄) ရက်စွဲပါ ဝင်စာအမှတ် ၁၂၆၅၇/၂၀၂၄ ဖြင့် တင်ပြလာပါသဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်လုပ်ငန်းများ အောင်မြင်စေရန်
မြို့တော်သတင်းတွင်
ကြော်ငြာပါ။ သတင်းပေးပါ။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၁၂)၊ တည်ရှိရာ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉စီ၂)၊ မြေကွက် အမှတ်(၈၁)၊ မြေအမျိုးအစား နှစ်(၆ဝ)မြေငှားဂရန်၊ မြေအမည်ပေါက်ဒေါ်မြရီ မြေကွက်အား အမည်ပေါက်ဖြစ်သူ (မိခင်) ဒေါ်မြရီသည် (၃၁-၈-၂၀၀၉) ရက်နေ့တွင်လည်းကောင်း၊ (ဖခင်)ဦးစံကွန်းသည်(၃-၄-၂၀၁၈) ရက်နေ့တွင်လည်းကောင်း၊ မောင်ဖြစ်သူဦးလင်းခိုင်မှာ (၃-၈-၂၀၂၃)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး၊ ဖခင်၊ မိခင်တို့တွင် သားသမီးများအဖြစ် ဒေါ်ခင်ဆွေဝင်းနှင့်ဦးလင်းခိုင်တို့အား မွေးဖွားခဲ့ကြောင်း၊ ဦးလင်းခိုင်မှာ လူပျိုဘဝဖြင့်ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့မိသားစုဝင်အားလုံးမှာ ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ၎င်းတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်သူအဖြစ်ကျန်ရှိခဲ့ပါကြောင်း၊ မိခင်၊ ဖခင်နှင့်မောင်ဖြစ်သူတို့တွင် ကိတ္တိမသားသမီးမွေးစားထားခြင်းအပါအဝင် ဥပဒေအရ အခြားအမွေဆက်ခံပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်ခင်ဆွေဝင်း (၁၂/စခန (နိုင်) ဝ၄၄၉၆၇)မှ မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတွင် ကျိန်ဆိုသည့်ကျမ်းကျိန်လွှာအမှတ်-၁ဝ၃၃/၂၀၂၄ (၂၃-၇-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ မြေငှားစာချုပ်(ဂရန်) ဒေါ်မြရီ၊ ဦးစံကွန်းနှင့် ဦးလင်းခိုင်တို့၏ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်ခင်ဆွေဝင်း (၁၂/စခန (နိုင်) ဝ၄၄၉၆၇)က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

